ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်
စာအမှတ်.................
ရက်စွဲ.....................
ရန်ကုန်မြို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်

စာအမှတ် ၂-၁ ဆဘ(ခ)၂၀၂၀(၂၈၆၄)။
ရက်စွဲ ၂၀၂၀-ခုနှစ်၊နိုဝင်ဘာလ ( ၅ )ရက်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင် အသိအမှတ်ပြုလိုင်စင်ရ အဖွဲ့အစည်း/ကုမ္ပဏီ၊ကန်ထရိုက်တာများထံမှအိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဆောင်ရွက်ရမည့်လုပ်ငန်း**

**(၁၀၀'x၉၀')ကားပါကင်တည်ဆောက်ခြင်းလုပ်ငန်း၆"ထုကွန်ကရစ်ကြမ်းခင်းခြင်း၊ရေနုတ်မြောင်းအပါ အဝင်၊ယာဥ်ရပ်နားရန်Open Shed(၁၀၀' x၁၈')(၂)ခု Steel Structure**

(၁) ကားအမိုး Stand ကို( အလျား ၁၀၀' x အနံ ၁၈')(၂)ဖက်၊ အမိုးကို 4Angle Colour Metel Sheet (0.42)ဖြင့် ပြုလုပ်ရန် ၊ တိုင် Steel Structure ဖြင့်ပြုလုပ်ရန်

(၂) Stand(၂)ခုအလယ်နေရာကိုဘောလုံးကွင်းလမ်းနှင့်ဆက်ရမည်။ Stand(၂)ခုအလယ်နေရာ တွင် Epoxy ခင်းမည်။ ကားရပ်နားရန် အဝါရောင်မျဉ်းများဆွဲရမည်။ ရေနုတ်မြောင်းကို ကားပါကင်အချိုးအစားအတိုင်းထည့်မည်။ ရေနုတ်မြောင်းတွင်အဖုံးပါရမည်။ (ရေစီး၊ရေလာ ကောင်းရမည်)ရေမြောင်းမှရေကို တော်ဝင်လမ်းမကြီးဘေးရေမြောင်းထိ စီးဝင်အောင်ပြုလုပ် ရမည်။

**<u>အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ</u>**

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် **( ၆-၁၁ -၂၀၂၀ )ရက်** နေ့တွင် စတင်ရောင်းချပါမည်။

၂။ တင်ဒါပုံစံ (၁)စောင်လျှင် ကျပ် (၅၀၀၀/-) (ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် ဝယ်ယူတင်သွင်းရန်။

၃။ အိတ်ဖွင့်တင်ဒါငွေတန်ဘိုးကို ( ကျပ် --------- သိန်း)ဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာ (သို့) ကန်ထရိုက်တာမှ လက်မှတ်ရေးထိုး ပေးပို့ရမည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့်အတူ တင်သွင်းမည့် BQ Drawing တို့အား ပေးပို့ရမည်။

၆။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးလက်ခံမည့်နေ့ရက်၊အချိန် **(၂၀၂၀)ခုနှစ်၊ (ဒီဇင်ဘာလ)(၄)ရက် နေ့လည်(၂)နာရီ** ထက်နောက်ကျရောက်ရှိလာသော တင်ဒါများကိုအဖွဲ့မှ လုံးဝစဉ်းစားမည်မဟုတ်ပါ။